# ကင်ပွန်းတောင်ကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကင်ပွန်းတောင်ကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၂၂ ခုနှစ်၊ လ ရက်

## မာတိကာ


စကားချီ

တောင်တွင်းကြီးမြို့နယ် ၊ ကင်ပွန်းတောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့်

၁။ လွှမ်းခြုံသက်ရောက်မှု၊တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

( ခ) စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ

( ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

( င) ပညာရေး

( စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

( ဇ) ကျား/မ ရေးရာ

၄။ ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ

၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

၆။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၅) ခတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ
ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၃၀) မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား (၃၁) ကျောင်းတက်နှုန်း
ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား (၃၄) အဖြစ်များသော ရောဂါများ
ဇယား (၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု
ဇယား (၃၈) အိမ်သာ အမျိုးအစား
ဇယား (၃၉) ကျား – မ ရေးရာ
ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၇) ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု
ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ
၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ
ကိုးကားစာရင်း

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ ကင်ပွန်းတောင်ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံးစတင်ရေးဆွဲသော အစီအစဉ်ဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံ ကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအားလုံးအထူး ပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်းဖြစ်ပါသည်။ယခုကဲ့သို့ အလွှာအသီးသီးမှ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့်စနစ်ကျသည့် စီမံကိန်းမျိုးမရေးဆွဲခဲ့ပါ။ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့်စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်မှာဖြစ်ပါသည်။ ကျေး ရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု၊ပိုင်ဆိုင်မှု၊ကျန်းမာရေး အစ ရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ အချက်အလက်များကိုကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များသိရှိနိုင်မှသာကူညီဆောင်ရွက်ပေးနိုင် မည့်အဖွဲ့အစည်း၊ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း စာရင်းဇယားများ၊ကျေးရွာလူထု၏ လူနေမှု အခြေအနေပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှလိုအပ်ချက်အပေါ် မူတည်၍ ကျေးရွာလူထု၏ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သဖြင့် အလွန် ကောင်းမွန်ပြီး အကျိုးရှိသောစီမံကိန်းဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏အကူအညီဖြင့် ကျေးရွာ လူထုကိုယ်တိုင်ပါဝင်ရေးဆွဲသော ကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်အား စီမံကိန်းကာလ အတွက်သာ အသုံးပြုခြင်းမဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကင်ပွန်းတောင်ကျေးရွာ
တောင်တွင်းကြီးမြို့နယ်




ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင်ကျေးရွာအုပ်စု၊ ကင်ပွန်းတောင်ကျေးရွာတွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင်ကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

(၁) **နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်**

ကင်ပွန်းတောင်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာသူ/သားများကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ အစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊သတင်းအချက်အလက်များပြုစုရန်နှင့် ကျွန်တော်တို့၏ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှလိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းသတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းလင်း တင်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်နေသော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှကို အစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

( ခ) **နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏ကြိုးစားအားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့်၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာ

လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။ဘဏ်လုပ်ငန်းများနှင့် အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးရွာလူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဒေသတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

( ဂ ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သောငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထု၏ အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ **တည်နေရာနှင့် ပထဝီအနေအထား**

ကင်ပွန်းတောင်ကျေးရွာသည်မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၏ အရှေ့တောင်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာသည်တောင်တွင်းကြီးမြို့မှ (၁၃)မိုင်ခန့်အကွာတွင်တည်ရှိပြီး နေပြည်တော်-တောင်တွင်းကြီးကာလမ်းမကြီးဘေးတွင်တည်ရှိပါသည်။ကျွန်ုပ်တို့ကျေးရွာသည် ပထဝီအနေထားအရမြေပြန့်ဒေသဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာဧပြီလတွင်(၄၄)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာဇန်နဝါရီလတွင်(၁၅)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လတို့ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကင်ပွန်းတောင်ကျေးရွာသည် နှစ်စဉ်မိုးရေချိန်(၄၀)လက်မခန့် ရွာသွန်းပြီး သဘာဝပေါက်ပင်များ ဖြစ်သော မန်ကျည်းပင်၊ တမာပင်၊ ကုက္ကိုပင်၊ ထန်းပင်၊ ဇီးပင်၊သီးပင်စသောအပင်များ ပေါက်လေ့ရှိပါသည်။ မိုးစပါးစိုက်ပျိုးနိုင်သောလယ်ကေမှာ အနည်းငယ်သာရှိပြီးကြံသီးနှံများစိုက်ပျိုးကြပါသည်။
သီးထပ်သီးနှံအဖြစ်ပဲကြီးနှင့်ခရမ်းချဉ်သီးတို့ကိုစိုက်ပျိုးကြပါသည်။အဓိကစိုက်ပျိုးသီးနှံမှာစပါးဖြစ်ပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကင်ပွန်းတောင်ကျေးရွာတွင် ရွာဦးစေတီနှင့် ရွာဦးဘုန်းတော်ကြီးကျောင်း (၁)ကျောင်းရှိပြီး ဘာသာ၊ သာသနာတိုးတက်ထွန်းကားပြန့်ပွားစေရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဂေါပကအဖွဲ့၊ နာယကအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ ပရဟိတအဖွဲ့၊ လူငယ်အဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ လမ်းကော်မတီ၊ အမျိုးသမီးအဖွဲ့နှင့် မီးကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဖြစ်သော သာရေး၊ နာရေး၊ လူမှုရေးကိစ္စများပေါ်ပေါက်လျှင်အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ၊နာရေးကူညီမှုအသင်း၊ပရဟိတအဖွဲ့၊လူငယ်အဖွဲ့၊အမျိုးသမီးအဖွဲ့များ၊ ကျေးရွာသူ/သားများ စည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သော အလေ့အထကောင်းများရှိပါသည်။ ပြင်ပအဖွဲ့အစည်းများဖြစ်သော အသေးစား၊အကြီးစားချေးငွေအဖွဲ့များအနည်းငယ်သာရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေလည်းရှိပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမြူမှုအခြေအနေ

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။မိုးရာသီတွင်နှစ်စဉ်ကြံသီးနှံနှင့်နှမ်းအနည်းငယ်စိုက်ပျိုးသော်လည်း အဓိကစိုက်ပျိုးသီးနှံမှာစပါးဖြစ်ပါသည်။ မိုးရာသီတွင်ပဲတီစိမ်းနှင့်ပဲစင်းငုံကိုအနည်းငယ်စိုက်ပျိုးသော်လည်း သီးထပ်သီးနှံအဖြစ်ခရမ်းချဉ်သီးနှင့်ပဲကြီးတို့ကိုစိုက်ပျိုးကြပါသည်။ စပါးစိုက်ပျိုးကေမှာ(　)ကေဖြစ်ပြီး (၁)ကေလျှင်အများဆုံး (　) တင်း၊ အနည်းဆုံး()တင်းဖြစ်ပြီးပျမ်းမျှအထွက်နှုန်းမှာတင်း(　)ခန့်ဖြစ်ပါသည်။

ကျေးရွာသူ/သားများသည် မိရိုးဖလာနည်းဖြင့်သီးနှံများကိုစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေးနည်းစနစ်မရှိခြင်း၊ စနစ်မကျခြင်း၊ စိုက်ပျိုးရေးနည်းပညာအားနည်းခြင်းတို့ကြောင့် အထွက်နှုန်းနည်းသည်ဟုယူဆရပါသည်။ တောင်သူများမှထွက်ရှိသောသီးနှံများကို ဈေးကောင်းကောင်းဖြင့်မ

ရောင်းရသောကြောင့်တောင်သူလယ်သမားများအကျိုးအမြတ်ရရှိမှုနည်းပါးသည်။ သီးနှံထုတ်လုပ်မှုမှာဝင်ငွေနည်းသောကြောင့် လူငယ်များနှင့်အမျိုးသမီးများမှ ပြည်ပသို့ထွက်၍ဝင်ငွေရှာကြရသောကြောင့် တောင်သူလယ်သမားများမှာလုပ်သားရှားပါးလာပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများမှ စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ခြင်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများအားအရစ်ကျစနစ်ဖြင့်ရောင်းချပေးနိုင်ခြင်းရှိပါက ကျေးရွာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာမည်ဟုယုံကြည်ရပါသည်။

ကျေးရွာတွင်တောင်သူများအပြင်ကျပန်းအလုပ်သမားများရှိကြသော်လည်းဝန်ဆောင်မှုဆိုင်ရာအတတ်ပညာရှင်နှင့်ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့်အသက်မွေးဝမ်းကျောင်းအတွက်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှအသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် အဝီစိတွင်းများတူးဖော်အသုံးပြုကြပါသည်။ အိမ်ထောင်စု(၅၀)ခန့်သည်သောက်ရေအဖြစ်တောင်တွင်းကြီးမြို့မှလာရောက်ရောင်းချပေးသော ရေသန့်ဗူးများကိုဝယ်သုံးစွဲကြပြီး ကျန်သုံးရေနှင့်သောက်ရေကို မိမိအိမ်ရှိအဝီစိတွင်းမှရသော ရေများကိုသုံးစွဲကြရပါသည်။

ကျေးရွာတွင်မူလတန်းကျောင်းရှိပြီး ဆရာ/ဆရာမ( )ယောက်ရှိပါသည်။ အထက်တန်းကို တောင်တွင်းကြီးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပညာသင်ကြားရပါသည်။

ကျန်းမာရေးအတွက် ကျေးရွာဆေးပေးခန်းရှိပါသည်။ကိုယ်ဝန်ဆောင်မိခင်များအခြားအရေးပေါ်လူနာများမှတောင်တွင်းကြီးမြို့နယ်ပြည်သူ့ဆေးရုံနှင့်နေပြည်တော်သို့သွားရောက်၍ကုသမှုခံယူကြရပါသည်။

ကျေးရွာတွင်လျှပ်စစ်မီးရရှိသောကာလမှ(၁)နှစ်ပြည့်ပြီးဖြစ်ပါသည်။ လျှပ်စစ်မီးမချိတ်ရသေးသောအိမ်ထောင်စုများသည် ဆိုလာကိုသာအသုံးပြုနေကြရပါသည်။

ကျေးရွာ၏လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင်ရွှံ့ဗွက်များထူထပ်၍သွားလာရန်ခက်ခဲပါသည်။ ထို့ကြောင့်ကွန်ကရစ်လမ်းခင်းပြီးပါက သွားလာရေးအဆင်ပြေပြီး ရွာသူ/သားများအတွက် ပိုမိုအကျိုးရှိပါသည်။ ရွာ၏အဓိကလမ်းမကြီးကို ကွန်ကရစ်ခင်းခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်ဖြစ်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကင်ပွန်းတောင်ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများ အတွက်လိုအပ်သောချေးငွေများကို မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ကေလျှင်(၁၅၀၀၀၀)ကျပ်နှင့် ယာမြေများအတွက်(၁)ကေ

လျှင်(၅ဝဝဝဝ)ကျပ် ထုတ်ချေးပါသည်။ အခြားအသေးစားချေးငွေဝန်ဆောင်မှုများမှအပ ပြင်ပအဖွဲ့အစည်းများမရှိပါ။ သို့ဖြစ်၍အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေးအတွက် ငွေကြေးဝန်ဆောင်မှုများလို အပ်လျက်ရှိပါသည်။

(င) **ပညာရေး**

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည်အလယ်အလတ်အဆင့်ဖြစ်ပြီး ရွာသူ/သား အများစုသည် မူလတန်း၊ အလယ်တန်းကျောင်းပညာရေးဖြင့် ပြီးမြောက်ကြပြီး တက္ကသိုလ်အဆင့် ဘွဲ့ရသူနှင့်ဝန်ထမ်းဖြစ်သူအနည်းငယ်ရှိပါသည်။ကျေးရွာတွင်အလယ်တန်းကျောင်းခွဲသာရှိ၍အထက် တန်းကျောင်းပညာဆက်လက်တက်ရောက်ရန် ကျေးရွာနှင့်(၁၃)မိုင်ခန့်ကွာဝေးသော တောင်တွင်း ကြီးမြို့သို့ သွားရောက်ပညာသင်ကြားရပါသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များအသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက် ရောဂါဖြစ်ပွားမှုမရှိသလောက် နည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင်ကလေးသူငယ်များ သွေးလွန် တုပ်ကွေးရောဂါဖြစ်ပွားတက်ပြီး အခြားလူနာများတွင်မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိပါ သည်။ ဟင်းသီးဟင်းရွက် ပဲမျိုးစုံစိုက်ပျိုးထွက်ရှိခြင်းနှင့်အလုပ်အကိုင်အဆင်မပြေခြင်းတို့ကြောင့် မိသားစုများဝမ်းရေးအတွက် နေ့စဉ်ဝင်ငွေရရှိသည့်အတွက် အာဟာရချို့တဲ့မှုမရှိပါ။ ကိုယ်ဝန်ဆောင် မိခင်နှင့်ကလေးသူငယ်များကျန်းမာရေးအတွက် (၁၃)မိုင်ခန့်ဝေးသော တောင်တွင်းကြီးမြို့သို့ သွား ရောက်ကုသကြရပါသည်။ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကိုကျေးလက်ကျန်းမာရေးဌာနမှ ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များကို နှစ် စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာရှိလယ်မြေများသည် နှစ်စဉ်းစပါးစိုက်ပျိုးခြင်း၊ သီးထပ်သီးနှံစိုက်ပျိုးခြင်းတို့ အတွက် ဓာတုဗေဒကွန်ပေါင်းဓါတ်မြေဩဇာအသုံးပြုခြင်း၊ သဘာဝမြေဆွေးဓါတ်မြေဩဇာများနှစ် စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများကြုံတွေ့ရပါသည်။ စိုက်ခင်းများတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေး များအသုံးပြုရာတွင်ဓါတ်ကြွင်းအန္တရာယ်လျော့စေရန်အတွက် ဘေးကင်းလုံခြုံမှုရရှိရန် လမ်းညွှန် ချက်များကိုလိုက်နာဆောင်ရွက်ခြင်းအတွက် အားနည်းသေးကြောင်းတွေ့ရှိရပါသည်။

(ဧ) **ကျား/မ ရေးရာ**

ကျေးရွာတွင် ကျား/မ ဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိပါသည်။ အမျိုးသမီးများသည်လည်း ကျေးရွာ၏ဘာသာရေး၊ လူမှုရေးတို့တွင်ပါဝင်လုပ်ဆောင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ကောက်စိုက်ခြင်း၊ ပေါင်းနှုတ်ခြင်းနှင့် အမျိုးသားများသည်လယ်ထွန်ခြင်း၊ စပါးရိတ်ခြင်းလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။

ဘာသာရေးအထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သည့် ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပကြပြီး အမျိုးသမီးများသည် အမျိုးသားများနှင့်ပူးပေါင်းဆောင်ရွက်ကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား/မတန်းတူအခွင့်အရေးရှိပါသည်။

## တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန

## ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကင်ပွန်းတောင် | ကင်ပွန်းတောင် | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | |
| ၂ | | | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၂ | |
| ၃ | | | စာသင်ကျောင်းဆောင်ပြုပြင်ခြင်း | ၃ | |
| ၄ | | | အတိုးနှုန်းသက်သာသောချေးငွေရရှိရေး | ၄ | |
| ၅ | | | အသက်မွေးဝမ်းကျောင်းသင်တန်း | ၅ | |
| ၆ | | | စိုက်ပျိုးရေးနည်းပညာသင်တန်း | ၆ | |

## တောင်တွင်းကြီးမြို့နယ် ၊ ကင်ပွန်းတောင်ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၂၂ - ၂၀၂၃ | ၂၀၂၃ - ၂၀၂၄ | ၂၀၂၅ - ၂၀၂၆ | ၂၀၂၆ - ၂၀၂၇ | ၂၀၂၇ - ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၂ | | ✓ | | | |
| ၃ | စာသင်ကျောင်းဆောင်ပြုပြင်ခြင်း | ၃ | | | ✓ | | |
| ၄ | အတိုးနှုန်းသက်သာသောချေးငွေရရှိရေး | ၄ | | | ✓ | | |
| ၅ | အသက်မွေးဝမ်းကျောင်းသင်တန်း | ၅ | | | | ✓ | |
| ၆ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ၆ | | | | | ✓ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

(၁)　ကျေးရွာလူမှုစီးပွားရေး အခြေအနေ

**(က)　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်းစွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၁ | ၂ | | |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၆ | ၁၅ | ၃၁ | | |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၁ | ၂၅ | ၈၆ | | |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၁ | ၅၈ | ၁၂၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၀ | ၁၃၁ | ၄၁၁ | | |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၇၆ | ၈၇ | ၁၆၃ | | |
| **စုစုပေါင်း** | | **၅၀၅** | **၃၁၇** | **၈၂၂** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၈၄** | | | | |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။**　။　ကျေးရွာတွင်လူဦးရေစုစုပေါင်း(၁၄၀၁)ယောက်ရှိပြီး အမျိုးသားဦးရေ (၇၂၂)ဦးရှိပြီး အမျိုးသမီးဦးရေ(၆၇၉)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သူအရေအတွက်မှာ (၉၉၀)ဦးရှိပါသည်။ (၆၅)နှစ်အထက်အသက်ကြီးသူမှာ(၁၆၃)ဦးရှိပြီး လက်ရှိအချိန်တွင်နို့စို့အရွယ်နှင့် မွေးကင်းစအရွယ်များမရှိသော်လည်း ကိုယ်ဝန်ဆောင်မိခင်များရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

## (ခ)	အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂၃ | ၅၅၈ | | ၃၂၄ | ၂၃၄ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၅၇ | ၁၀၁ | | ၇၃ | ၂၈ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုဇွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| **စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | ၅ | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | /ဝန်ထမ်း | | | | | | | |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၇ | ၁၇ | | ၁၁ | ၂ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇ | ၇ | | | ၇ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကားရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | | ၅ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | /ဝန်ထမ်း | | | | | | | |
| ၁၂ | **ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | ၂ | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှုလုပ်ငန်း( ဘဏ်နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | /ဝန်ထမ်း | | | | | | | |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | /ဝန်ထမ်း | | | | | | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မျိုးရိုးစဉ်ဆက်လုပ်ကိုင်ခဲ့သောစိုက်ပျိုးရေးလုပ်ငန်းကိုပင်အဓိကထားလုပ်ကိုင်ကြပါသည်။ ပင်ပန်းဆင်းရဲကြသော်လည်းလူလုပ်အားကိုပင်အဓိကအားကိုးနေရပါသည်။ လုပ်အားအစားစက်အားအစားထိုးရန် သက်ဆိုင်ရာနှင့်ဆက်သွယ်လိုပါသည်။ ဓါတ်မြေသြဇာများစနစ်မကျသုံးစွဲမှုကြောင့် မြေဆီလွှာများမှာလည်း ပျက်စီးရပါသည်။ ပညာတတ်ရှားပါးခြင်းကြောင့် စိုက်ပျိုးရေးအပြင် အခြားလုပ်ငန်းကိုလုပ်ကိုင်ကြရန် အခက်အခဲများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ်-- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီး အုပ်စု ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နေ့စားအလုပ်သမားများ၏အဖိုးအခမှာ ပျမ်းမျှနှုန်း (၃၀၀၀)ကျပ်ရရှိကြပါသည်။ အလုပ်သမားများအတွက်အဖိုးအခနည်းပါးလှသည်။ တောင်သူများမှလည်း ပို၍ပေးရန်မှာအခက်အခဲရှိကြသည်။ အဘယ်ကြောင့်ဆိုသော် တောင်ယာမြေများမှအမြတ်နည်း၍ အရှုံးများပေါ်နေခြင်းကြောင့်ဖြစ်သည်။ ကျေးရွာတွင်မွေးမြူရေးကိုအဓိကထား၍မလုပ်ကိုင်ကြပါ။ အိမ်မွေးတိရိစ္ဆာန်များအဖြစ်သာမွေးမြူကြသည်။**

**(ဂ)　　သဘာဝရင်းမြစ်များ**

**(ဂ-၁)　စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၂၅၀ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၄၂၄ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | | ☒ | | |

**ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။　　။　ကျေးရွာတွင်လယ်မြေ(၂၅၀)ဧကရှိပြီး ယာမြေ၊တောင်ယာမြေ (၄၂၄)ဧကခန့်ရှိပါသည်။ ၎င်းတို့မှာအမြေဆီလွှာအရည်အသွေးများမကောင်းကြပါ။ သို့ဖြစ်ပါ၍ မြေဆီ၊ မြေသြဇာနှင့်ပတ်သက်သည့်အရာများ သင်ကြားပို့ချစေလိုပါသည်။ စိုက်ပျိုးရေး(သို့)မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်မှသီးသန့်လျာထားသတ်မှတ်သည့်မြေများလည်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

(၈-၂)    ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အသုံးချနိုင်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လွန်ခဲ့သော (၁၀)နှစ်ကအခြေအနေ**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံ ဓာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ** | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☐ခက်☑<br>အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐<br>အသုံးမပြုနိုင်ပါ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့် ☐<br>နည်း ☑ မရှိ ☐ | လွယ် ☐ခက်☑<br>အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **ရေ-မြေအောက်ရေ(တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း)** | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး ☑<br>အပြောင်းအလဲမရှိ ☐ |
| **သစ်တော-အပူပိုင်းသစ်တော** | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐<br>အသုံးမပြုနိုင်ပါ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| **သစ်တော-ဒီရေတောများ** | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐<br>အသုံးမပြုနိုင်ပါ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖ အုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အနီးနားပတ်ဝန်းကျင်၌ သဘာဝသတ္တုနှင့်အခြားတွင်းထွက်များအသုံးချနိုင်မှုမရှိပါ။ ရွာ၏အနီးအနား၌စမ်းချောင်းများမရှိသောကြောင့် ကျောက်၊ သဲ၊ ကျောက်စရစ်များထုတ်လုပ်ရောင်းချမှုဟူ၍မရှိပါ။ထို့ပြင်သဘာဝသစ်တောများလည်းစိုက်ပျိုး၍လုပ်ကိုင်စားသောက်ခြင်းမပြုကြပါ။ သဘာဝအလျောက်ပေါက်ရောက်နေသော အပင်များအား နွား၊ ဆိတ် စသည့်တိရိစ္ဆာန်များမှစားသုံးကြသည်။ စားကျက်မြေဟူ၍လည်းကျေးရွာ၌မရှိပါ။ မိမိတို့၏တောင်ယာများ၌ ပြောင်း၊ ပြောင်းဖူးရိုးများအလိုက်သင့်စိုက်ပျိုး၍ ကျွေးမွေးကြသည်ကိုလေ့လာတွေ့ရှိရပါသည်။**

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသောအိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သောအိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | များ☐ | အသင့်အတင့်☐ | နည်း☑ | အလွန်နည်း(သို့)မရှိ☐ |
| **အိမ်အခြေအနေ** | အလွန်ကောင်း☐ | အသင့်အတင့်ကောင်း☑ | ညံ့☐ | အလွန်ညံ့☐ |
| **ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု** | များ ☐ | အသင့်အတင့်☐ | နည်း☐ | မရှိ☑ |
| **အဓိကစီးပွားရေးလုပ်ငန်း** | စီးပွား(ဝင်ငွေ) အလွန်ကောင်း☐ | စီးပွား(ဝင်ငွေ) အသင့်အတင့်☐ | စီးပွား(ဝင်ငွေ) နည်း☐ | စီးပွား(ဝင်ငွေ) အလွန်နည်း☑ |
| **အိမ်ထောင်စု** | **၁၀** | **၁၂၃** | **၂၃** | **၂၈** |

**ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင်မပြေလည်သောအိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ အိမ်တိုင်း၏အခြေအနေမှာလည်းအသင့်အတင့်ကောင်းမွန်ကြသည်။ စိုက်ပျိုးရေးလုပ်

င်န်းမှုရရှိသော ထုတ်ကုန်များရှိသော်လည်းယခုအခါလွယ်ကူစွာမရောင်းချနိုင်ပေ။ နည်းပညာအား နည်းသောကြောင့်ရရှိနိုင်သော ထုတ်ကုန်ထက်အရေအတွက်မှာ နည်းပါးလှပါသည်။ ထို့ကြောင့်မြေဩဇာအကြောင်း၊ ဆေးဝါးများအကြောင်းသင်ကြားပို့ချရန်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန်လိုအပ်လျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

**ရင်းမြစ်-ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အချို့သောတောင်သူများသည် မိုးရာသီကာလမတိုင်မီ

စပါးများ၊ ဆန်များကိုဝမ်းစာအဖြစ်သိုလှောင်ကြသည်။ တစ်နေ့လုပ်မှတစ်နေ့စားရသောမိသားစုများလည်းရှိပါသည်။ ထိုသူများအတွက်စားဝတ်နေရေးပြေလည်စေရန်အတွက် ပုံမှန်လုပ်အားခရသောအလုပ်အကိုင်များရရှိစေလိုပါသည်။ သို့မှသာဝမ်းစာရေးအတွက် အသင့်အတင့်ဖူလုံနိုင်ကြမည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င–၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| **မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်** | – | – | – |
| **မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်** | – | – | – |
| | **အိမ်ထောင်စု အရေအတွက်** | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု** | – | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု** | – | | |
| **အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု** | – | | |

**ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်အထက်မရှိပါ။ မိသားစု၊ ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောအသန်စွမ်းသည့်ပုဂ္ဂိုလ်များလည်းမရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို၊တစ်ခုလပ်အိမ်ထောင်စုဟူ၍မရှိပါ။ အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စဟူ၍မရှိကြောင်းလေ့လာတွေ့ရှိရ ပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်း | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | | ✓ | | | ✓ | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလွန်ကဲခြင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | | ✓ | | | ✓ | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | ✓ | |
